# “မိသားစုဘဝကို အသစ်တစ်ဖန် စတင်ခွင့်ရမည်ဆိုပါလျှင်”

# IF WERE STARTING MY FAMILY AGAIN

(John Dresher) (ဂျွန်ဒရက်ချာ)

## အိမ်သူသက်ထားအပေါ် မေတ္တာဆပွားရပါမည်

ကျွန်ုပ်၏မိသားစုဘဝကို ပြန်လည်စတင်ခွင့်ရမည်ဆိုလျှင် ကလေးတို့အမေကို ဆထက်ကဲ၍ အကြင်နာပိုရပေလိမ့်မည်။ သို့မှသာ သူမကိုကျွန်ုပ်မည်၍မည်မျှ အကြင်နာပွား မေတ္တာထားရကြောင်းကို သားသမီးများကပို၍ ပွင့်ပွင့်လင်းလင်း အသိပေးရာရောက်ပေမည်။ ချစ်ဟန်ဆောင်ခြင်း၊ ဓနဂုဏ်မက်၍ လက်ဆက်ရခြင်းတို့သည် နက်ရှိုင်းဆုံးသော ချစ်ခြင်းမေတ္တာကို တဖြည်းဖြည်းတိမ်ကောသွားစေသည့် ငြီးငွေ့မှုက စိမ့်ဝင်အခြေတွယ်ကာ မိသားစုဘဝကို အလွန်လွယ်ကူစွာ အဆုံးသတ်သွားစေတတ်ပေသည်။

ကလေးတို့အမေကို ကျွန်ုပ်အဘယ်မျှချစ်ကြောင်း သူတို့သိလာစေရန် သူမအတွက်ဆောင်ကြဉ်းပေးသည့် မြူမှုံမျှလောက်သော ကိစ္စကလေးအပေါ်တွင်ပင် သစ္စာရှိရန် ကျွန်ုပ်ကြိုးစားရပါလိမ့်မည်။ မေတ္တာစစ် မေတ္တာမှန်ဟူသည် မဏ္ဍာပ်တိုင်တက်ပြရန်မလိုဘဲ အရပ်ကထင်ရှားစွာ သိမြင်ပါသည်။ သူမအတွက်ကား တံခါးဖွင့်ပေးခြင်း၊ စားပွဲတွင်ထိုင်ခုံခင်းပေးခြင်း၊ သီးသန့်အခါသမယများတွင် လက်ဆောင်ပစ္စည်းလေးများ အမှတ်တရပေးခြင်း၊ ကျွန်ုပ်ရပ်ဝေးမြေကြားသို့ ရောက်ရှိနေခိုက်တွင် သူမထံမေတ္တာသဝဏ်လွှာပါးခြင်း စသည့် ထူးခြားသော ကြင်နာမှုကလေးမျးကို ပြရပါမည်။ အကြင်နာစကားလေးများကို သူမနှင့်နှစ်ကိုယ်ကြား ကလေးများမကြားတကြားကျွန်ုပ်ပြောပြရပါမည်။

မိခင်နှင့်ဘခင်တို့အကြားရှိ ချစ်ခြင်းမေတ္တာတရား၏ နီးကပ်ထိစပ်သော ဆက်ဆံရေးကို ကျွန်ုပ်၏သားကလေး တွေ့မြင်ရလျှင် သူ၏ ချစ်ခြင်းမေတ္တာတရားသည်လည်း ကြီးမားကျယ်ပြန့်လာပြီး ဘဝ၏အပျော်တကာအပျော်ဆုံးဖြစ်လာသည့်အပြင် သာယာမြေ့ချမ်းမှုများသည်လည်း လေးနက်ပွားစည်လာပေမည်ကို ယခုကျွန်ုပ်ပို၍ပို၍ ရှင်းလင်းစွာသိမြင်လာရပါတော့သည်။ မိဘများတစ်ဦးအပေါ်တစ်ဦး ချစ်ခင်ကြင်နာမှုကို ခံစားသိမြင်ခြင်းအားဖြင့် ကလေးငယ်တစ်ဦး လိုက်လှဲစွာ ပျော်ရွှင်ချမ်းမြေ့ရသည့် အဖြစ်မျိုးကို မည်သည့်အရာကမျှ ပေးစွမ်းနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ်ကောင်းစွာသဘောပေါက်ခဲ့ရပါသည်။ မိဘနှစ်ဦး၏ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ကြင်နာမှုနှင့် ကလေးငယ်၏နာခံမှု၊ ချစ်ခြင်းမေတ္တာ၊ အလေးထားမှုတို့အကြား နီးကပ်သောဆက်ဆံရေး ရှိကြောင်းကို ကျွန်ုပ်သိမြင်ခဲ့ပြီဖြစ်သည်။

## ရင်နှစ်သည်းချာများနှင့် ပိုမိုရယ်မောရွှင်ပျရပါမည်

ကျွန်ုပ်၏မိသားစုဘဝ အစကပြန်၍စခွင့်ရမည်ဆိုပါလျှင် ကျွန်ုပ်အနေဖြင့် မေတ္တာတရားကိုပိုမိုဖြည့်ကျက် ပွားများရပေမည်။ ကျွန်ုပ်၏သားသမီးများအပေါ် ယခင်ကထက်ပို၍ ချစ်ခင်မြတ်နိုးတန်ဖိုးထားရမည်မှာ မှန်ပါသည်။ အော်စကာ ဝိုင်းလ်ဒ် (Oscar Wilde) က “သားသမီးများ လိမ္မာရေးခြားရှိပြီး လူတော်လူကောင်းများဖြစ်လာစေသော အကောင်းဆုံးနည်းလမ်းမှာ သူတို့အားအကြင်နာပွား၍ ပျော်ရွှင်အောင်ထားခြင်းပင်ဖြစ်သည်” ဟုရေးသားခဲ့ပါသည်။

ကလေးများက မိသားစုအတွက် ဖန်တီးစီစဉ်သရုပ်ဆောင်ပြသော ရယ်စရာဇာတ်လမ်းကလေးများကို ကြည့်ရသောအခါတွင်လည်းကောင်း သူတို့ကျောင်းမှရရှိခဲ့သော ဟာသများကို မျှဝေပြောပြစဉ်တွင်လည်းကောင်း ကျွန်ုပ်ကိုယ်တိုင် သူတို့၏လှည့်စားမှုထောင်ချောက်အတွင်း သက်ဆင်းရပြီး သူတို့မေးခွန်းများကို ဖြေဆိုရသောအခါများတွင်လည်းကောင်း သူတို့နှင့်အတူ ကျွန်ုပ်အားရပါးရရယ်မောခဲ့ရသည်များကို သတိရနေလေ့ရှိပါသည်။ သူတို့နှင့်အတူ ကျွန်ုပ်ရယ်မောသောအခါများတွင်ဖြစ်စေ မြက်ခင်းပေါ်တွင် သို့မဟုတ် ကြမ်းပြင်ပေါ်တွင် သူတို့နှင့်အတူ ကျွန်ုပ်ကျွမ်းလိုမ့်ထိုးသောအခါများတွင်ဖြစ်စေ သူတို့ကလေးများ၏ အားပါးတရ ရယ်မောရွှင်ပျမှုကို ပြက်ပြက်ထင်ထင်မြင်ယောင်နေပါသေးသည်။ နှစ်ပေါင်းအတော်ကြာက မိသားစုရယ်မောပျော်ရွှင်ခဲ့ရသော အဖြစ်များကိုသူတို့ပြန်လည်ပြောပြသည်ကို ကျွန်ုပ်မမေ့ပါ။ ထိုအဖြစ်များသည် ကျွန်ုပ်တို့အတွက် မမေ့ထိုက်သည့်အဖြစ် မိသားစုအားယခုတိုင်အောင်စည်းနှောင်နေဆဖြစ်ကြောင်း သဘောပေါက်မိသည်။

ကားနှင့်ခရီးသွားစဉ် ကျွန်ုပ်တို့ရယ်မောခဲ့ရသည့်အဖြစ်များကိုလည်း သတိရနေဆဲပင်။ ရယ်မောလိုက်ရခြင်းကြောင့် ကျေနပ်လောက်အောင် စိတ်လက်ပေါ့ပါးလျှင် တစ်ခါတစ်ရံဖြစ်စေ အမြဲဖြစ်စေ ဆူပူကြိမ်းမောင်းမှုဟူသည် လိုအပ်ပါဦးမည်လော။ အပူချိန် ၁၀၀ဒီဂရီ ရှိနေချိန်တွင် ကျွန်ုပ်တို့ နီဘရာဆကာ (Nebraska) ကိုဖြတ်၍ ခရီးသွားခဲ့ခြင်းကို အမှတ်ရလေ့ရှိသည်။ နေ့လည်စာစားရန်လုပသော ရေတံခွန်ငယ်ကလေးတစ်ခုအနီးတွင် ကျွန်ုပ်တို့ခေတ္တရပ်နားခဲ့ကြသည်။ နေ့လယ်စာစားပြီးသောအခါ ကလေးများသည် စမ်းချောင်းထဲသို့ ဖြတ်လျှောက်ကြရင်းဖြင့် ရေတံခွန်များနှင့် တဖြည်းဖြည်းနီးလာခဲ့ကြသည်။ နောက်ဆုံးတွင် ရေတံခွန်များအစပ်သို့ ရောက်ရှိလာခဲ့သည်။ ကလေးတစ်ယောက်က ခြေချော်ပြီး ရေတံခွန်ထဲသို့ကျသွားသည်။ သူ့ကိုကြည့်ပြီး ကျွန်ုပ်တို့ဝိုင်းရယ်ကြသည်။ အဝတ်အစားများ ရေစက်စက်ကျအောင် ရွှဲစိုသွားသည်။ ထိုနောက်ရေတံခွန်များသို့ အရဲစွန့်သွားသော ကလေးတစ်ဦးကို သူထံမှလွင့်ပျံထွက်လာသော ရေများစင်ကုန်သည်။ ထိုအဖြစ်ကိုကြည့်၍ ကျွန်ုပ်တို့ဝိုင်းရယ်ကြပြန်သည်။ အဆုံး၌ ကလေးအားလုံး ရေတံခွန်အောက်

တွင် ထိုင်ချလိုက်ကြပြီး သူတို့ကိုယ်ပေါ်သို့ တဝေါဝေါပန်းကျလာသော ရေပန်းပွားများကိုခံကာ ရေစိမ်နေလိုက်ကြတော့သည်။ ယခုအခါ နှစ်များကြာညောင်းခဲ့ပြီဖြစ်သော်လည်း ထိုအဖြစ်သည် ပျော်စရာကောင်းသော အမှတ်ရစရာ အချိန်များထဲမှ တစ်ခုသော အချိန်လေးပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိသားစုဘဝကို ပြန်လည်စတင်ခွင့်ရမည်ဆိုပါက ကျွန်ုပ်၏ကိုယ်တိုင်ကိုဖြစ်စေ ကျွန်ုပ်၏အမှားများကိုဖြစ်စေ ကျွန်ုပ်၏ရှုံးနိမ့်မှုများကိုဖြစ်စေ ပို၍ဟားတိုက်ရယ်မောမိပေလိမ့်မည်။ ဘဝ၏သောကများ အထူးသဖြင့် မိသားစုဖိစီးမှုများ မြင့်တက်လာရခြင်းမှာ ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ရေးကြီးခွင်ကျယ် လုပ်နေကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့အလွယ်တကူ ထိခိုက်ခံစားရခြင်းဖြစ်ပေသည်။

## နားထောင်သူကောင်းတစ်ဦးဖြစ်ရပါမည်

ကျွန်ုပ်တို့အများစုသည် မိဘများဖြစ်သဖြင့် နားထောင်ရန်ခက်ခဲကြသည်။ မလွဲမသွေထမ်းဆောင်ရမည့် ဝန်ထုပ်ဝန်ပိုးများဖြင့်အလုပ်ရှုတ်နေကြသည်။ အလုပ်မှဖြစ်စေ၊ တနေ့လုံးဆုံးဖြတ်ချက်များချမှတ်ရာမှ အိမ်သို့ပြန်ရောက်လျှင်ဖြစ်စေ ပင်ပန်းနွမ်းနယ်နေခဲ့ကြသည်။ ကိစ္စအားလုံးကို မေ့ထားချင်ကြသည်။ သို့မဟုတ်ပါကလည်း ကျွန်ုပ်တို့၏ကိုယ်ပိုင်ဝါသနာ ကိုယ်ပိုင်စိတ်ဝင်စားမှုများတွင်သာ နစ်မြုပ်နေသောကြောင့် နားထောင်ရန်အချိန်မရှိတော့ပေ။ ကလေးတစ်ဦး၏ စကားသည် ရောက်တတ်ရာရာမျှသာဖြစ်ပြီး အရေးကြီးပုံမပေါ်ပါ။

ကျွန်ုပ်၏သားသာ ပြန်၍ငယ်သွားမည်ဆိုလျှင် သူကကျွန်ုပ်ကိုစကားပြောချင်သည် ဆိုပါက သတင်းစာဖတ်နေသည်ကို ကျွန်ုပ်ချက်ချင်းရပ်လိုက်မည်။ ကြားဖြတ်ပြောလျှင် စိတ်မရှည်သည့်စကားလုံးများကို သုံးစွဲခြင်းမှကြိုးစားရှောင်ရှားရမည်။ ထိုအချိန်သည် ချစ်ခြင်းမေတ္တာတရားကို ပြသရမည့်အကောင်းဆုံး အချိန်ဖြစ်နိုင်ပေသည်။

တစ်ညနေတွင် ကလေးတစ်ဦးက သူ့လက်ချောင်းကလေးတွင် ကုတ်ခြစ်မိသောဒဏ်ရာကို ဘခင်အားပြသသည်။ ကလေးက ဘခင်၏ အရေးစိုက်မှုရရန် မရမကထပ်ကာထပ်ကာ ပြောတော့မှ ဘခင်ကဖတ်လက်စစာကို ရပ်လိုက်ပြီး "ကဲ အဲဒါကိုငါဘာတတ်နိုင်မှာလဲ တတ်နိုင်လို့လား" ဟုစာဖတ်ပျက်သွားသဖြင့် စိတ်တိုတိုနှင့်ပြောလိုက်သည်။ ကလေးငယ်ပြန်ပြောလိုက်သည်ကား "ဟုတ်ကဲ့ဖေဖေဟုတ်ပါရဲ့လို့တော့ ဖေဖေပြောနိုင်တာပေါ့" ဟူသတည်း။

နားထောင်ရာတွင်လည်း ကျွန်ုပ်သားငယ်၏ မေးခွန်းများကို ပို၍သတိကြီးစွာ အလေးထားရပါမည်။ အသက်၁၅နှစ် အရွယ်ရှိသာမန်ကလေးတစ်ဦးသည် မေးခွန်းပေါင်း ၅သိန်းခန့်မျှမေးလေ့ရှိသည်ဟု ခန့်မှန်းကြသည်။ သို့ဆိုလျှင် မိဘများအတွက် ရရှိသောအခွင့်ထူးကား အဘယ်နည်း။ ဘဝအဓိပ္ပါယ်နှင့် ပတ်သက်သောအကြောင်း တစ်စုံတစ်ရာကို ကလေးငယ်အား မျှဝေပေးနိုင်သည့် အခွင့်အလမ်းပေါင်း သန်းဝက်ခန့်မျှ ရရှိသည်မဟုတ်ပါလော။

ကျွန်ုပ်သာပြန်လည်စတင်ခွင့် ရမည်ဆိုပါလျှင် ကျွန်ုပ်သည်နားနှစ်ဘက်နှင့်သာမက တတိယနားဖြစ်သော နှလုံးသားနားဖြင့်ပါ ပို၍နားစိုက်ရပေမည်။ ကျွန်ုပ်သားငယ်လေး မေးခွန်းများမေးသောအခါ သို့မဟုတ် စကားများပြောသောအခါ သူခံစားနေရသော ပြဿနာကို သိအောင်ကြိုးစားနားထောင် ရပါလိမ့်မည်။ သားက "ဖေဖေ အခုညအပြင်သွားရဦးမယ်မဟုတ်လား" ဟု မေးလာလျှင် ယခုအခါ "သားလည်း ဖေဖေနဲ့လိုက်ချင်တယ်" ဟူသောစကားကို ကျွန်ုပ်ကြားရပေလိမ့်မည်။

ကလေးငယ်တစ်ဦးက သူ့ဖခင်အား တကြော်ကြော်ခေါ်နေချိန်တွင် ထိုဘခင်နံဘေးတွင် ကျွန်ုပ်ထိုင်နေပါသည်။ သူ့သားခေါ်နေသည်ကို ကျွန်ုပ်ကြားသည့်ပြင် သူပြန်မထူးသည်ကို သိသဖြင့်သူက "အလကားပါဗျာ ကလေးခေါ်နေတာ" ဟုကျွန်ုပ်ကို ပြောလိုက်သည်။ ကျွန်ုပ်တွေးမိသည်မှာ ဘခင်က သူ့သားကိုခေါ်သည့်အခါ သူ့သားက "အလကားပါကွာ အဘိုးကြီးခေါ်တာပါ" ဟုပြန်ပြောမည့်အချိန်ရောက်ရန် သိပ်မကြာတော့ပါဘူး ဟူ၍ဖြစ်သည်။

ကလေးငယ်တစ်ဦး ငယ်ရွယ်စဉ်က ပြောပြသော ပြဿနာများကို နားထောင်ခြင်းနှင့် ထိုကလေးဆယ်ကျော်သက်အရွယ်ရောက်လာပြီး မိဘများအား သူပြောပြသည့် ပြဿနာများ၏ အတိုင်းအတာကို နားထောင်ခြင်းတို့အကြား သိသာထင်ရှားသော ဆက်သွယ်မှုရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကလေးတစ်ဦးဘဝက သူ၏ပြောပြချက်များနှင့် ခံစားချက်များကို နားလည်သဘောပေါက်ရန် အချိန်ယူသောမိဘများသည် ထိုကလေးငယ်ကြီးပြင်းလာလျှင်လည်း သူ့ကိုနားလည်သဘောပေါက်ပေလိမ့်မည်။

## ပို၍ရိုးသားပွင့်လင်းရန်ကြိုးစားရပါမည်

ကျွန်ုပ်၏မိသားစုဘဝကို ပြန်လည်ထူထောင်ခွင့်ရမည်ဆိုပါလျှင် ပို၍ရိုးသားပွင့်လင်းမှုရှိရန် ကျွန်ုပ်ကြိုးစားရပါလိမ့်မည်။ ဤစကားကို ပြောရခြင်းသည် ကျွန်ုပ်အတွက် ထူးဆန်းနေသလိုပင်။ အကြောင်းမူ ကျွန်ုပ်ကိုယ်ကျွန်ုပ် ရိုးသားသန့်ရှင်းသည်။ လိပ်ပြာသန့်သည်ဟု အမြဲတန်းခံယူထားသည်။ သို့ခံယူထားခြင်းမှာလည်း ကျွန်ုပ်သည်ကိုယ်ပိုင်ပစ္စည်းမဟုတ်သည်ကို တစ်ပြားတစ်ချပ်မျှ ရယူဖူးခြင်းမရှိသည့်ပြင် သိလျက်နှင့်လိမ်ပြောဆိုခြင်းကိုလည်း တစ်ကြိမ်တစ်ခါမျှ မပြုဖူးသောကြောင့်ပင်။

ခြောက်ပြစ်ကင်း ဟန်ဆောင်ခြင်း သို့မဟုတ် ကလေးတစ်ဦးကဲ့သို့ မိမိကိုယ်တိုင်ပြုမူဆောက်ရွက်သည့် သဘောမျိုးသက်

ရောက်စေခြင်းတို့ ကဲ့သို့သော မရိုးသားမှုတစ်ခုခုကို မိဘများက ပြုလုပ်လေ့ရှိလျှင် အပြစ်မဆိုသာကြောင်းကို ကျွန်ုပ်၏ပုဂ္ဂိုလ်ရေးအတွေ့အကြုံအရ သိရှိပါသည်။

မိမိသားသမီးများအပေါ် မည်မျှရိုးသားပွင့်လင်းမှု မရှိခဲ့ခြင်းကို သူကိုယ်တိုင်ခဲရာခက်ဆစ် သင်ခန်းစာတစ်ခုကို သင်ယူလေ့လာခဲ့ရသည့် အချိန်တိုင်အောင် သတိမထားမိခဲ့သေးကြောင်း ဘခင်တစ်ဦးက ဝန်ခံပြောပြခဲ့သည်။ သူ၏သားငယ် ၅တန်းကျောင်းသားလေးသည် စာလုံးပေါင်းသတ်ပုံတွင် အမှတ်နည်းခဲ့သည်။ ဆူပူကြိမ်းမောင်းပြီး အပိုကျူရှင်ပေးနေသည့် ကြားမှပင် သူ့သားငယ်သည် အမှတ်တက်မလာပေ။ နည်းမြဲနည်းနေခဲ့သည်။ သူ့သားလေးက “ဖေဖေ ကျောင်းနေတုန်းကဆိုရင် စာလုံးပေါင်းသတ်ပုံမှာ က အဆင့်ချည်းရတယ်” ဟု သူ့ဆရာကို ပြောပြခဲ့သည်။ ဆရာက “မင်းဘယ်လိုသိတာလဲ” ဟုမေးသောအခါ သူ့သားက “ဟင့်အင်း မသိပါဘူး သူက ကျွန်တော့်ကိုဆူရင် အဲဒီအကြောင်းကို ထည့်ထည့်ပြောလို့ပါ” ဟုပြန်ဖြေလိုက်ပါသည်။

“ဟုတ်တယ် ကျွန်တော်ကလည်း သူ့ကိုဆူရင် အဲဒီလိုထည့်ပြီး ပြောခဲ့မိတယ်” ဘခင်ကပြောပြပါသည်။ “တကယ်တော့ ကျွန်တော်လိမ်ပြောခဲ့တာပါ။ ကျွန်တော်လည်း စာလုံးပေါင်းသတ်ပုံ ညံ့ခဲ့တဲ့အကြောင်း သားကိုအမှန်အတိုင်းပြောပြလိုက်တယ်။ ဒီတော့ သူ့မျက်လုံးထဲမှ မျှော်လင့်ချက်အရောင်လက်လာတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့်သာလေး စာလုံးပေါင်းသတ်ပုံမှာ ပိုပြီးတိုးတက်လာခဲ့တယ်။ ကျွန်တော်အဆင့် က ချည်းရခဲ့တယ်လို့ ပြောလိုက်တာဟာ သူ့ကိုစိတ်ဓါတ်ကျသွားအောက် လုပ်သလိုဖြစ်သွားတယ်။ ဖေဖေလည်းဟိုတုန်းက ဒီလိုပဲညံ့ခဲ့တာပဲလို့ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တော့ သူ့ကို မျှော်လင့်ချက်ပေးလိုက်သလို ဖြစ်သွားတာပေါ့လေ။”

ဤသို့ပြောခြင်းသည် မိဘတိုင်းက သူတို့၏ညံ့ဖျင်းမှု၊ ရှုံးနိမ့်မှုမှန်သမျှကို သားသမီးများအား ပြောပြရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အချို့မိဘများသည် အတိတ်ကအဖြစ်အပျက်များကို ကြွားဝါပြောဆိုလေ့ရှိသည့်ပြင် မမှန်ကန်သော အမူအကျင့်များကိုပင် တာဝန်မဲ့ချဲ့ကားပြောကြသည်။ ဤသို့ပြောခြင်းသည် စင်စစ် အန္တရာယ်ကြီးမားလှသည်။ ကလေးငယ်တစ်ဦးအား သူ၏အခက်အခဲသည် ဘခင်ကြုံခဲ့ရသော အခက်အခဲနှင့် မထူးခြားဘဲ တူညီကြောင်းကို ရိုးသားစွာ ဖွင့်ဟဝန်ခံခြင်းဖြင့် ကလေးငယ်အား မျှော်လင့်ချက်ပေးသည့်ပြင် ကလေး၏ဘဝအခက်အခဲများ ဖြေရှင်းရေးကိုလည်း ကူညီရာရောက်ပါသည်။ သူချစ်မြတ်နိုးရသော သူ့ဘခင်သည်လည်း သူ့လိုအခက်အခဲမျိုးကို တစ်ချိန်ကရင်ဆိုင်ကာ ကျော်လွှားခဲ့ရကြောင်း သိရှိရသောကလေးအတွက် အင်အားသစ်များတိုးပွားလာပြီး နှလုံးစိတ်ထဲတွင် အောင်မြင်လိုစိတ်များ စိမ့်ဝင်လာစေပါသည်။

မိဘများက ခြောက်ပြစ်ကင်းသဲလဲစင် သကဲ့သို့ဟန်ဆောင်ပြီး အမှားများကိုဝန်ခံခြင်း မပြုသမျှကာလပတ်လုံး ကလေးငယ်သည် ရှုံးနိမ့်မှုနှင့်အရည်အချင်း မပြည့်ဝမှု အလားအလာရှိသော ကမ္ဘာတစ်ခုအတွင်း အသက်ရှင်နေထိုင်ရပေတော့မည်။ ပတ်ဝန်းကျင်နှင့်ကောင်းစွာ လိုက်လျောညီထွေရှိပြီး ပျော်ရွှင်ချမ်းမြေ့သော ကလေးတစ်ဦးသည် အမှားအနည်းဆုံးနှင့် အရာရာတိုင်းပြည့်စုံသော မိသားစုမှ ဆင်းသက်မလာနိုင်ကြောင်းကို ယခုအခါ ကျွန်ုပ်ကောင်းစွာသဘောပေါက်မိပါသည်။ ထိုကလေးမျိုးသည် အမှားပေါင်းများစွာရှိသော်လည်း ရိုးသားပွင့်လင်းပြီး အမှားကိုဝန်ခံရမည်ကို ဝန်မလေးသော မိဘများမှဆင်းသက်လာခြင်းသာဖြစ်ပါသည်။

## မိသားစုအတွက်ဆုတောင်းခြင်းကို ရပ်တံ့ရပါမည်

ကျွန်ုပ်၏မိသားစုအတွက် ဆုတောင်းခြင်းမပြုတော့ပါဟု ဆိုလိုက်ခြင်းသည် ထူးဆန်းနေပါသလား။ ကျွန်ုပ်ဆိုလိုရင်းမှာ ဤသို့ဖြစ်ပါသည်။

“တပည့်တော်၏ သားလေးအားသားကောင်းသားမြတ် တစ်ဦးဖြစ်အောင်စောင့်ရှောက်တော်မူပါ အဘဘုရားသခင်။ သူ့သဘောထားကိုလည်း ပြောင်းလဲပေးတော်မူပါ။ ထူးခြားမွန်မြတ်သော မေတ္တာစိတ်နှစ်ဆပွားနိုင်သူ ဖြစ်လာအောင်ကယ်မတော်မူပါ။ မိသားစုဆက်ဆံရေး နယ်ပယ်အတွင်း သားငယ်လေးပို၍ ပျော်ရွှင်ချမ်းမြေ့နိုင်အောင် ကူညီတော်မူပါ။ ထို့ပြင် မိဘစကားကို နာခံလေးစားသော သားကောင်းသားမြတ်တစ်ဦး ဖြစ်လာအောင် လမ်းညွှန်ပေးတော်မူပါ အဘဘုရားသခင်” ဟု ယခင်က ကျွန်ုပ်ဆုတောင်းလေ့ရှိခဲ့ပါသည်။

တစ်ညနေတွင် ဤသို့ဖြစ်လာခဲ့သည်။ ထိုသို့ဆုတောင်းခြင်းမျိုးကို ရပ်ပြစ်မှ ဖြစ်မည်ဟူသော အတွေးတစ်ခုက ကျွန်ုပ်တစ်ဦးတည်းရှိနေစဉ် ဖျတ်ကနဲရိုက်ခတ်လာခဲ့သည်။ ကျွန်ုပ်၏ဆုတောင်းခြင်းမျှပင် ပြည့်စုံမှုရှိမည်မထင်ပါ။ သားသမီးများသည်လည်း သူတို့၏ အစောပိုင်းနှစ်များတွင် ချစ်ခြင်းမေတ္တာအကြောင်း တစ်လုံးတစ်ပါဒမျှ သဘောပေါက်နားလည်မှု မရှိခဲ့လျှင် စောင့်ရှောက်ခြင်းနှင့် ကြင်နာခြင်းတို့ ကဲ့သို့သော ထူးမြတ်သည့်အရာများ တဖြည်းဖြည်းယုတ်လျော့လာပေမည်။ ထို့ကြောင့် ထိုဆုတောင်းကို ရပ်ပြစ်ရန် ကျွန်ုပ်သိလိုက်မိပါသည်။ ကျွန်ုပ်လူမှား၍ ဆုတောင်းပေးနေခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် မိသားစုအတွက် အဆိုပါဆုတောင်းခြင်းမျိုးကို ကျွန်ုပ်အဆုံးသတ်ခဲ့ပါသည်။ သားသမီးများသည် ဘုရားသခင်၏မေတ္တာတော်ကို သိရှိနားလည်လာစေရန်အတွက် သူတို့၏ဘခင်ဖြစ်သော ကျွန်ုပ်သည်ဘုရားသခင်၏ မေတ္တာတော်ကို ပို၍ခံယူရရှိပြီး ထိုသို့ခံယူရရှိကြောင်း ပို၍ထင်ရှားသိသာလာစေရမည် ဖြစ်ပါသည်။ အခြားသူများနှင့် ဆက်ဆံရာတွင် စစ်မှန်သောချစ်ခြင်းမေတ္တာကို သူတို့နားလည် သဘောပေါက်စေရန်အတွက် ကျွန်ုပ်နှင့်သူတို့ ဆက်ဆံရေးတွင်ဖြစ်စေ ကျွန်ုပ်နှင့်အခြားသူများ ဆက်ဆံရေးတွင်ဖြစ်စေ ကျွန်ုပ်၏စစ်မှန်သော ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြသခြင်းဖြင့် သူတို့အားကူညီပံ့ပိုးပေးရပေလိမ့်မည်။

ထို့ကြောင့် “အိုအဘဘုရားသခင် အရှင်သည်အကျွန်ုပ်အပေါ်တွင် ထားရှိသကဲ့သို့ အကျွန်ုပ်သည်ချစ်ခြင်းမေတ္တာတရားနှင့် အ

ကြင်နာတရားတို့ဖြင့် ပြည့်စုံစွာ ရှင်သန်နိုင်ရေးအတွက် ဖြည့်ဆည်းပေးတော်မူပါ" ဟုပြင်ဆင် ဆုတောင်းခဲ့ပါသည်။

ကျွန်ုပ်၏ကြိုးပမ်းအားထုတ်မှုများသည် ဇနီးသည်၏ကြီးပွားချမ်းသာမှုအတွက် မဟုတ်ဘဲ စိတ်ချမ်းမြေ့ပျော်ရွှင်မှုအတွက်ဖြစ်ကြောင်း သတိပြုမိသောအခါ ဇနီးသည်အတွက် စိုးရိမ်ပူပန်မှုဖြစ်စေသော ဆုတောင်းခြင်းမျိုးကို ကျွန်ုပ်မပြုလုပ်တော့ပါ။ ဘုရားသခင်က သူမ၏လုပ်ငန်းများ အောက်မြင်ချောမွေ့အောက်စောင့်ရှောက်ရန် ဆုတောင်းခြင်းမပြုသင့်ပါ။ သူမအတွက် ခက်ခဲပင်ပန်းမှုမရှိစေဘဲ လွယ်ကူချောမွေ့အောင် ကျွန်ုပ်အနေဖြင့် ကူညီပံ့ပိုးပေးနိုင်သော နေရာများကို ကျွန်ုပ်အားလမ်းညွှန်ပြသပေးရန်သာ ဆုတောင်းသင့်ပါသည်။ ထို့ကြောင့် "အဘဘုရားသခင် အကျွန်ုပ်၏ဇနီးသည်၏ စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ဆောင်ကြဉ်းပေးနိုင်မည့်အရာအားလုံးကို စိတ်အားထက်သန်စွာ ဖြည့်ဆည်းပေးနိုင်သော စစ်မှန်သည့်ခင်ပွန်းကောင်းတစ်ဦးဖြစ်အောင် အကျွန်ုပ်အားစောင့်ရှောက်တော်မူပါ"ဟူ၍ ကျွန်ုပ်ပြောင်းလဲဆုတောင်းခဲ့ပါသည်။

ထိုညမှစ၍ ကျွန်ုပ်၏ကမ္ဘာသည် လုံးဝပြောင်းလဲသွားခဲ့ရသည်။ ကျွန်ုပ်၏အိမ်သည် အသွင်သစ်ဖြစ်သွားခဲ့သည်။ ထို့အတူပင် ကျွန်ုပ်၏ဇနီးသည်နှင့် သားသမီးများသည်လည်း အရင်ကနှင့် မတူတော့ကြောင်း ရုတ်တရက် သတိပြုမိခဲ့သည်။ ကျွန်ုပ်တို့၏ အိမ်ဝန်းကျင်တွင် မေတ္တာရနံ့သစ်များ ထုံမွှမ်းနေပုံရပါသည်။ သားသမီးများကလည်း ပို၍ပို၍နူးညံ့သိမ်မွေ့လာပုံရသည်။ သူတို့အတွက် ဆုတောင်းခြင်းကို ရပ်လိုက်ပြီး ကျွန်ုပ်မေတ္တာဆပွား အကြင်နာထားရသူများကို စိတ်နှလုံးထိခိုက်နာကျင်စေသော သို့မဟုတ် ဆက်ဆံရေးပျက်ပြားစေသော မည်သည့်ကာယကံ၊ ဝစီကံ၊ မနောကံမျိုးမဆို ကျွန်ုပ်ရှောင်ကြဉ်နိုင်သော ကိုယ်အဖြစ်လည်းကောင်း ဇနီးသည်နှင့် သားသမီးများ ကာယစိတ္တပြည့်ဝစေမည့်အရာ မှန်သမျှကိုဖြည့်စွမ်းပေးနိုင်သော ကိုယ်အဖြစ်လည်းကောင်း ရောက်ရှိအောင်စောင့်ရှောက်တော်မူပါဟု အဘဘုရားသခင်ထံ ဆုတောင်းသည့်အချိန်မှစ၍ ထိုသို့အပြောင်းအလဲကြီးပြောင်းလဲလာစေရန် ဘုရားသခင်ထံဆုတောင်းခြင်းကြောင့် ထူးခြားမှုများ ခံစားခဲ့ရပါသည်။

## အတူအကွ ပို့မို့ပေါင်းစည်းနေထိုင်ရန် အားထုတ်ရပါမည်

မိသားစုဘဝကို အသစ်တစ်ဖန်ပြန်လည် ပျိုးထောင်ခွင့်ရခဲ့ပါလျှင် အတူအကွပို၍ပို၍ စုစည်းနေထိုင်နိုင်ရန် ကျွန်ုပ်ကြိုးစားရပါလိမ့်မည်။ အတူစားအတူသွား အတူနားအိပ်ကြသော မိသားစုဝင်များအား အတူတကွပို၍စုစည်း နေထိုင်ရန်ပြောပြခြင်းသည် အံ့သြဖွယ်ကောင်းနေပေလိမ့်မည်။ သို့သော် တစ်အိမ်တည်းအတူနေကြသူများအချင်းချင်း ကမ္ဘာခြားနေရသော အဖြစ်မျိုးများစွာရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက မိသားစုပြန်လည်သုံးသပ်မှုများနှင့် ဆွေးနွေးညှိနှိုင်းပွဲများတွင် "ကျွန်ုပ်သာမိသားစုဘဝကို ပြန်လည်စတင်ခွင့်ရခဲ့လျှင် ကျွန်ုပ်၏သားသမီးများနှင့် အတူနေချိန်ပို၍ရအောင် ကြိုးစားရမည်" ဟုဖွင့်ဟဝန်ခံသံများကို တစ်ယောက်မက ပြောပြခဲ့ခြင်းများအား ကျွန်ုပ်ကြားသိခဲ့ရပါသည်။ အတူတကွနေရသော အချိန်များတွင် အတူအကွပြုမှုလုပ်ဆောင်ခံစားခဲ့ကြသည်များကို အတူတကွသတိရတမ်းတလေ့ ရှိကြပါသည်။

ဘခင်တိုင်း၏ ရက်သတ္တပတ်ကာလတွင် ၁၆၈နာရီစီရှိကြပါသည်။ သူသည်နေအိမ်တွင် နာရီ၄၀ခန့်အချိန်ဖြုန်းရလေ့ရှိသည်။ ကျန်သောအချိန်များအနက် တစ်ပတ်လျှင် ၅၆နာရီအိမ်မှစက်ရသည်။ သို့ဆိုလျှင် ကျန်သော ၇၂နာရီသည် အိမ်မှကင်းကွာသောအခြားနေရာများတွင် အချိန်ကုန်ရလေ့ရှိသည့် သဘောဖြစ်သည်။ မိသားစုနှင့်အတူ တကယ်တမ်းအတူနေရသည့် အချိန်ကားမည်မျှနည်း။

၈တန်းနှင့် ၉တန်းကျောင်းသား ၃၀၀ခန့်တွင် ရက်သတ္တ ၂ပတ်တွင် သူတို့ဘခင်နှင့် အမှန်တကယ်အတူအကွ နေရသောအချိန်ကို တိကျစွာမှတ်သားထားခဲ့ကြသည်။ အများစုမှာ သူတို့ဘခင်ကို ညစာစားသည့်အခါတွင်သာ မြင်တွေ့ကြရသည်။ အချို့မှာမူ သူတို့ဘခင်ကို နေအိမ်တွင်ရက်အတန်ကြာမျှ မတွေ့ကြရပါ။ ဘခင်နှင့်သားတို့၏ တစ်ပတ်အတွင်း အတူတကွနေချိန်သည် ပျမ်းမျှခြင်းအားဖြင့် ၇½ မိနစ်ခန့်သာရှိသည်။

တစ်ညတွင် ကျွန်ုပ်အိပ်ပျော်လုဆဲဆဲဖြစ်ချိန်တွင် အခန်းထဲမှခြေသံလိုလိုကြားလိုက်မိသည်။ ကျွန်ုပ်၏သားလေး ၃နှစ်သားသာရှိသေးသော ဒေးဗစ် (David) သည်အိပ်ခန်းတံခါးကို ဖြည်းဖြည်းလေးဖွင့်၍ ဝင်လာပြီး ကျွန်ုပ်ကုတင်ဘေးတွင် ရပ်နေခဲ့သည်။

"သား ဘာလိုချင်လို့လဲ ဒေးဗစ်" ဟုမေးလိုက်သည်။

"ဘာမှမလိုချင်ပါဘူး ဖေဖေ။ ဖေဖေ့ဘေးမှာ ခဏလေးအိပ်ပြီး စကားပြောချင်လို့ပါ" ဟု သူကပြန်ပြောသည်။

ကျွန်ုပ်က ခြုံစောင်ကိုလှပ်ကာ သူ့ကိုအထဲသို့ဆွဲသွင်းလိုက်ပါသည်။ သူက ပူးကပ်တိုးဝှေ့ဖက်တွယ်ထားသည်။ "ဖေဖေ ခြသေ့်လှောင်အိမ်ရှေ့ရောက်တော့ သားကဖေဖေ့လက်ကို အတင်းဆုပ်ထားတာ ရယ်စရာပဲနော်" ဟုပြောပါသည်။

"ဟုတ်တာပေါ့ကွ သားကကြောက်လို့လား" ဟုကျွန်ုပ်ကမေးသောအခါ "နည်းနည်းတော့ကြောက်တာပေါ့" ဟုပြန်ပြောသည်။ ခဏလေးငြိမ်နေပြီးနောက် "ဒီနေ့ သားတို့သိပ်ပျော်ဖို့ကောင်းတာပဲ မဟုတ်ဘူးလားဖေဖေ" ဟုပြောလိုက်သဖြင့် ကျွန်ုပ်ကလည်း "သိပ်ပျော်ဖို့ကောင်းတာပေါ့ " ဟုပြောလိုက်ရပါသည်။

သူနှင့်စကားပြောရသည်မှာ ထိုမျှသာပင်။ ပြီးနောက် ဒေးဗစ်သည်စောင်ကိုခွာကာ သူ့အိပ်ခန်းထဲသို့ပြေးဝင်သွားတော့သည်။ မကြာခင်တွင်ပင် အိပ်ပျော်သွားပါတော့သည်။ သို့သော် ကျွန်ုပ်ကားအချိန်အတော်ကြာမျှ မျက်စိကြောင်ကာ အိပ်မပျော်ခဲ့ပါချေ။ ကျွန်ုပ်၏သားငယ်လေးသည် မိသားစုတစ်ခုအဖြစ် အတူတကွနေရမည့်အချိန်လိုအပ်ခြင်း၏ အရေးကြီးပုံကို ကျွန်ုပ်အားလှုပ်နှိုးသတိရစေခဲ့သည်ကို သင်တွေ့မြင်နိုင်ပါသည်။

## ပိုမိုအားပေးအားမြှောက်ပြုရပါမည်

ကျွန်ုပ်၏မိသားစုဘဝကိုသာ မူရင်းကပြန်၍စတင်ခွင့် ရမည်ဆိုလျှင် ဝမ်းမြောက်သည့်စကားများ ချီးမွမ်းသည့်စကားများကို တွင်ကျယ်စွာဖွင့်ဟပြောပြရန် အားထုတ်ရပါလိမ့်မည်။ သားသမီးများ၏ မှားယွင်းမှုများကို ကျွန်ုပ်ပြင်းထန်စွာ ပြစ်တင်ပြောဆိုခဲ့မိသည်။ တစ်ခါတစ်ရံ အသေးအဖွဲအမှားကလေးကိုပင် ဆူပူကြိမ်းမောင်းခဲ့သည်။ သူတို့အလုပ်ကောင်းစွာလုပ်လျှင်ဖြစ်စေ ကောင်းသောအမူအကျင့်များကို ပြသလျှင်ဖြစ်စေ အကြံပေးသော အားပေးသောစကားတစ်ခွန်းတလေမျှပင် မပြောဖြစ်ခဲ့ပါလေ။

ကလေးတစ်ဦးသည် ဘဝကိုမြတ်နိုးတန်ဖိုးထားလာစေရန် အောင်မြင်အောင်ကြိုးစားအားထုတ်လာစေရေးနှင့် မိမိကိုယ်မိမိယုံကြည်မှုပြည့်ဝလာစေရေးတို့တွင် သူ၏ပြီးမြောက်အောင်မြင်မှုကို မြှောက်ပင့်ပြောဆိုခြင်းမျိုး မဟုတ်ဘဲ အရှိအတိုင်းရိုးသားစွာချီးမွမ်းခြင်းလောက် အားပေးအားမြှောက် ပြုနိုင်သည့်အရာမရှိပေ။

ဝေါ်လ်တာ စကော့တ် (Sir Walter Scott) ငယ်စဉ်က ကျောင်းတွင်သူ့အား ထုံထိုင်းသူတစ်ယောက်အဖြစ် သတ်မှတ်ထားကြသည်။ ဥာဏ်ထိုင်းသူများဆောင်းရသည့် ဦးထုပ်အချွန်ကိုဆောင်းပြီး အခြားဥာဏ်ထိုင်းသော ကလေးများနှင့်အတူအခန်းထောင့်တွင်ရပ်နေရလေ့ရှိသည်။ နာမည်ကြီးစာရေးဆရာများအား ဧည့်ခံဖြေဖျော်ရသည့် အိမ်တစ်အိမ်တွင် သူရှိနေခဲ့ရစဉ်က သူ၏အသက်မှာ ၁၂နှစ်မျှသာ ရှိသေးသည်။

စကော့တ်လန်လူမျိုး ကဗျာဆရာကြီး ရောဘတ်ဘန်း (Robert Burns) က ဒွေးချိုးကဗျာတစ်ပုဒ်ကို အောက်တွင်ရေးသားထားသည်။ ရုပ်ပုံကားချပ်ကို သဘောကျနှစ်ခြိုက်စွာ ရပ်ကြည့်နေသည်။

ထိုဒွေးချိုးကဗျာရေးသားသည့် စာဆိုရှင်ကို ဘန်းကစူးစမ်းမေးမြန်းကြည့်သည်။ တက်ရောက်လာသူများတစ်ဦးမျှ သိပုံမရပေ။ နောက်ဆုံးတွင် ချာတိတ်ကလေးတစ်ဦးက သူ့နံဘေးတွင် ယို့ယို့ကလေးရပ်ပြီး အမည်ကိုပြောပြသည့်ပြင် ကျန်ရှိသည့်ကဗျာပိုဒ်များကို ပင်ရွတ်ဆိုပြလိုက်သည်။ ဘန်းက ချာတိတ်ကလေး၏ ခေါင်းကိုသူ့လက်ဖြင့် အုပ်မိုးဆုပ်ကိုင်ရင်း "တော်လိုက်တဲ့ကလေး တစ်နေ့မှာ မင်းဟာစကော့တ်လန်ရဲ့ နာမည်အကြီးဆုံး လူတစ်ယောက်ဖြစ်လိမ့်မယ် လူလေး" ဟုအားရပါးရပြောလိုက်သည်။ ထိုနေ့မှစ၍ ဝေါ်လ်တာစကော့ တစ်ယောက်ပြောင်းလဲသွားခဲ့ရသည်။ အားပေးစကားတစ်ခွန်းကား သူ့အားအောင်မြင်မှုလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးလိုက်ခဲ့ခြင်းပေတည်း။

အားပေးချီးမြှောက်ရေးအတွက် ကျွန်ုပ်သားသမီးများ၏ ကောင်းကွက်များကို ကြိုးစားရှာဖွေကာ ထိုကောင်းကွက်များကို စိတ်ရင်းအတိုင်းအားရပါးရ ကျေးဇူးတင်စကား ချီးမွမ်းစကားပိုမိုပြောကြားရပေမည်။

အားပေးချီးမြှောက်ခြင်းသည် အင်အားသစ်ကိုဖြစ်စေသည့်အပြင် ဓါတ်ခွဲခန်းထဲတွင်ပင် လက်တွေ့စမ်းသပ်တိုင်းတာ၍ ရနိုင်ကြောင်းကို ဒေါက်တာ ဟင်နရီ အိပ်ချ် ဂေါ့ဒ့်ဒ် (Dr. Henry H. Goddard) ကပြောခဲ့သည်။ အဆိုပါအလုပ်စွမ်းအင် စမ်းသပ်ခြင်းကို လုပ်အားပေးစေခိုင်းရာတွင် ဒေါက်တာဂေါ့ဒ့်ဒ် အသုံးပြုလေ့ရှိသည်။ ထိုနည်းအရ မောပန်းနွမ်းနယ်နေသော လုပ်အားပေးကလေးတစ်ဦးအား "ဂွန် သားလုပ်ထားတာ သိပ်ကောင်းတယ်ဟေ့" ဟုတစ်ယောက်က ပြောလိုက်လျှင် ကလေးငယ်၏အားအင်သစ်များကို လှိုက်ဆူလာလေ့ရှိသည်။ အားပေးအားမြှောက်မပြုသည့်ပြင် အပြစ်ထင်ရှားသည် ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေသည်။

ချီးမွမ်းတတ်သည့်စိတ်ကို မွေးမြူရန်ကြိုးစားရာတွင် ကျွန်ုပ်၏သားသမီးများ မတော်တဆမှားယွင်းသည့်အခါများနှင့် အဝတ်အစားများညစ်ပေသည့်အခါများကို ကြုံကြိုက်ပါက စိတ်မရှည်ဘဲကြိမ်းမောင်းသည့် အသုံးအနှုန်းများကို မသုံးမိအောင် ကျွန်ုပ်ကြိုးစားထိန်းသိမ်းရပေမည်။

ကလေးများ၏ မြုပ်ကွယ်နေသော အရည်အသွေးများကို အားပေးနိုင်စွမ်းအားမွေးမြူ ပျိုးထောင်ရမည်ဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာသဘောပေါက်ခဲ့ပါသည်။ သို့မှသာ ကလေးငယ်၏ လက်ရှိအခြေအနေ ဖြစ်လာနိုင်သည့်အခြေအနေတို့ကို ကျွန်ုပ်သိရှိလာမည်ဖြစ်ပြီး ဖြစ်လာမည့်အခြေအနေကို အားပေးရမည်ဖြစ်သည်။ ဤသို့ဆောက်ရွက်ခြင်းသည် လူများ၏ပစ္စုပ္ပန်လုပ်ဆောင်ချက်များကိုသာမက ထိုသူတို့၏စွမ်းအင်ကို မြင်တွေ့နိုင်ခြင်းတည်းဟူသော ဘုရားသခင်၏ လမ်းစဉ်ကိုလိုက်နာကျင့်သုံးခြင်းပင် ဖြစ်ပါသည်။

## အသေးအဖွဲကိစ္စများကို ပိုမိုအလေးထားရပါမည်

မပြောပလောက်သောအရာကလေးများကပင် ဘဝကိုပျော်ရွှင်မှုသုခရရှိအောင် ဝမ်းနည်းပူဆွေးသောက ဖိစီးအောက်ဖန်တီးခြင်းဖြစ်ကြောင်း ကျွန်ုပ်နားလည်ခဲ့ရပါသည်။ အသေးအဖွဲကလေးတစ်ခုကြောင့် ဆက်ဆံရေးဖြစ်ထွန်းလာစေသလို ပျက်ပြားသွားစေနိုင်သည်။ ပွင့်လင်းသောမေတ္တာစိတ်ကို တိုးပွားစေသလို ပိတ်ပင်စေနိုင်သည်။ ထောက်ထားညှာတာမှုကို ပွားစည်စေသလို ရက်စက်ကြမ်းကြုတ်မှုကိုလည်း ဖြစ်တည်စေတတ်သည်။ မိသားစုဘဝကိုသာ ပြန်လည်အစပျိုးခွင့် ရရှိခဲ့ပါမူ အသေးအဖွဲကလေးများကိုပင် သစ္စာစောင့်သိ သတိရှိနိုင်စွမ်းအား တိုးတက်လာအောင်ကျွန်ုပ်အားထုတ် ရပေလိမ့်မည်။

အထူးသဖြင့် ကလေးများတွင် အသေးအဖွဲ ကိစ္စကလေးများကပင် အောက်မြင်မှုဝတ်စုံကို ခြုံလွှမ်းစေနိုင်သည်။ ယခုအချိန်တွင် အရွယ်ရလာပြီဖြစ်သော လူကြီးတစ်ဦးက သူ၏ကလေးဘဝကို လွမ်းမောတသစွာ ပြန်ပြောပြခဲ့သည်။ သူက "ကျွန်တော်ကလေး ဘဝတုန်းကဆိုရင် အဖေနဲ့အမေတို့ သိပ်ခက်ခဲပင်ပန်းခဲ့ကြတယ်။ ကျွန်တော်တို့အိမ်ဟာ ခက်ခဲကြမ်းတမ်းတဲ့ဘဝတစ်ခုကို ဖြတ်သန်းနေရ

ပေမဲ့ အဖေရဲ့ကရုဏာတရားကြောင့် အရာရာဟာ ပေါ့ပါးတက်ကြွနေပြီး တစ်အိမ်လုံးမှာ ကျက်သရေလွှမ်းနေခဲ့ရတယ်”ဟုပြောပြသည်။

“အဖေဟာ မနက်တိုင်း နှင်းဆီခြံထဲကိုသွားပြီး နှင်းဆီဖူးလှလှကလေးတစ်ဖူး ခူးတယ်။ ပြီးတော့ မနက်စာ စားဖို့အမေဆင်းလာတဲ့အခါ နှုတ်ဆက်တဲ့ အနေနဲ့ နှင်းဆီဖူးလေးကို အမေထိုင်မယ့်နေရာမှာ ထိုးစိုက်ထားတယ်။ အဲဒီအတွက် ခဏလေးအချိန်ယူရပေမဲ့ အဲဒီခဏကလေးကပဲ ရင်နဲ့မဆံ့တဲ့ ချစ်ခြင်းမေတ္တာပြည့်ဝနေတဲ့ အချိန်လေးပါဘဲ။ အမေက နှင်းဆီဖူးကလေးကို ကောက်ကိုင်လိုက်တော့ သူမထိုင်ခုံနောက်မှာ ရပ်ပြီးနံနက်ခင်းနှုတ်ဆက်အနမ်းလေး ပေးလိုက်တယ်။ ဒီနေ့တစ်နေ့လုံး တစ်အိမ်လုံးမှာ ကျက်သရေမင်္ဂလာတွေလွှမ်းခြုံနေတော့တာပဲ။ အိပ်မှုံစုံဖွားထလာပြီး သူ့ကိုယ်တွန်း ကိုယ့်သူတိုက်နဲ့ ရန်စောင်လာတဲ့ကလေးတွေတောင် မပြောပလောက်တဲ့ အပြုအမူလေးကြောင့် ကျက်သရေလွှမ်းခြုံနေတဲ့ နံနက်ခင်းအလှကြောင့် သူတို့ဘာသာသူတို့ ရှက်ရွံ့နေမိကြတယ်လေ။

ချစ်ခင်ကြင်နာမှုကို ပြဆိုသော အသေးအဖွဲ့အပြုအမူကလေးတစ်ခုတွင် ကျွန်ုပ်တို့ခန့်မှန်း၍ မရသော တန်ခိုးစွမ်းအားရှိနေကြပါသည်။ လက်ကလေးကို ထိကိုင်ခြင်း ချစ်စဖွယ်ပြုံးပြခြင်း ဂရုတစိုက်ချီးမွမ်းခြင်း အလေးအနက်ဂရုစိုက်ခြင်းတို့သည် အသေးအဖွဲ့အရာကလေးများပင်ဖြစ်လင့်ကစား ခရီးတာအလွန်သွားနိုင်ပါသည်။ “ကျေးဇူးတင်ပါတယ်” ဟူသောစကားလေးတွင် ကြီးစွာသောချီးမြှောက်မှုပါဝင်သည်။ ကူညီရန်ကမ်းလှမ်းခြင်း၊ ဂရုစိုက်ရွေးချယ်ပေးသော လက်ဆောင်ပစ္စည်းကလေးတစ်ခုတို့သည် ကမ်းလှမ်းခံရသူ အပေးခံရသူတို့၏ နှလုံးသားကို ရက်သတ္တပတ်ပေါင်းများစွာ ကြာသည့်တိုင်အောင် နွေးထွေးစေနိုင်ပါသည်။ “မင်းကိုချစ်ပါတယ်” “တောင်းပန်ပါတယ်” ဟူသောစကားများသည်လည်း ပြောသူကိုရော အပြောခံရသူကိုပါ ပီတိလွှမ်းစေပါသည်။

အသေးအဖွဲ့ကိစ္စအလေးများကို ပိုမိုအလေးထားရာတွင် “မင်း အမြဲတန်း” “မင်းဘယ်တော့မှ” စသည့်အသုံးအနှုန်းကလေးများကို အသုံးပြုရမည့် ဝေါဟာရစာရင်းမှ နှုတ်ပယ်ပစ်ရန် ကျွန်ုပ်ကြိုးစားရပေမည်။ အဆိုပါစကားလုံးများတွင် ချွန်ထက်သော ဆူးများပါရှိပြီး ရှေ့ဆောက်ရှေ့ရွက်ပြုမှုကို ဖျက်ဆီးကာ ပုဂ္ဂိုလ်ရေးအလှမ်းကွာဟစေကြောင်း ကျွန်ုပ်ကောင်းစွာသဘောပေါက်ခဲ့ရပါသည်။

## ပိုင်ဆိုင်လိုစိတ်ရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းရပါမည်

ပိုင်ဆိုင်လိုစိတ်ကို ခိုင်မာအောက်သွတ်သွင်းမွေးမြူခြင်းဖြင့် ကျွန်ုပ်၏မိသားစုဘဝကို စတင်ခွင့်ရချင်ပါသည်။ ကလေးငယ်တစ်ဦးတွင်လည်း ထိုအသိစိတ်ရှိရန်လိုသည်။ မိသားစုအတွင့် သူ့ကိုပိုင်ဆိုင်လိုစိတ်မရှိဟု သို့မဟုတ် သူကပိုင်ဆိုင်လိုခြင်းမရှိဟု ကလေးငယ်တစ်ဦးယူဆလာခဲ့လျှင် ထိုမိသားစုမှ သစ္စတရားနှင့် မေတ္တာတရားများကုန်ခန်း ပျောက်ကွယ်သွားပြီး မကြာခင်မှာပင် သူနှင့်အလားတူသော အခြေခံအုပ်စုတစ်ခုကို ကလေးငယ်ရှာဖွေတော့မည်မှာ သေချာလှပေသည်။ ပိုင်ဆိုင်လိုစိတ် ပျောက်ကွယ်သွားသောအခါ လစ်ဟာဆုံးရှုံးမှု၊ အထီးကျန်မှုနှင့် မေတ္တာတရားဆိတ်သုဉ်းမှုတို့ စီးဝင်လာပေလိမ့်မည်။ သို့ရာတါင် သူ့၏မိသားစုက သူ့ကိုပိုင်ဆိုင်သည် သူကလည်း မိသားစုကို ပိုင်ဆိုင်လိုစိတ်ရှိသည်ဟု ခံစားလာရလျှင်မူကား ထိုအရာသည် စစ်မှန်သောထိုက်တန်မှုဖြစ်ပြီး သူသည်လောကထဲသို့ မေတ္တာထားလိုမှုတို့ဖြင့် လှမ်းဝင်နိုင်ပေမည်။

ကျွန်ုပ်တို့ဇနီးမောင်နှံနှစ်ဦးတည်းသာ အမှန်တကယ်အတူနေခဲ့ရသည့် ကာလများတါင် ပြင်းထန်သောမုန်တိုင်းဒဏ်ကြောင့် ကျွန်ုပ်တို့၏တဲကလေးနှင့်အတူ လွင့်မျောခဲ့ရသောည။ ငါးမန်းများအန္တရာယ်မှလွတ်အောက် ဗင်းနစ်၊ ဖလော်ရစ်ဒါကမ်းခြေသို့ အသက်လု၍ သေပြေးရှင်ပြေးကူးခတ်ခဲ့ရသော နံနက်ခင်းများ။ ဟင်းလင်းပြင်ကောင်းကင်ကြီးအောက်တွင် အတူလဲလျောင်းရင်း ဇာတ်လမ်းများကို အတူပြောခဲ့ရသောညများ။ နှစ်ဦးသား ဘောလုံးကစားခြင်း၊ မြက်ခင်းအလှပြင်ခြင်း၊ တိုးလာမည့် မိသားစုဝင်တစ်ဦးအတွက် အခန်းကလေးတစ်ခု မွမ်းမံပြင်ဆင်ခြင်း စသည့်အချိန်များကို သတိရတမ်းတမိလေ့ရှိသည်။ တစ်ခုခုကို အောင်မြင်ပြီးမြောက်အောင် ပြုလုပ်ရန်လိုအပ်သည့်အခါ ကျွန်ုပ်တို့နှစ်ဦးသား တစ်စိတ်တစ်ဝမ်းတည်း ရှိခဲ့ကြသည်။ ခရီးထွက်ရသောအခါတွင်ဖြစ်စေ ကျောင်းသို့သွားသောအခါတွင်ဖြစ်စေ အတူတကွဆုတောင်း ဝတ်ပြုသောအခါတွင်ဖြစ်စေ “တို့တွေမင်းကို ချစ်တယ်ဆိုတာ သတိပြုရပါ” ဟူသောစကားကို စာဖြင့်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေ အပြောခံရသောအခါများတွင် ကျွန်ုပ်တို့ ပျော်ရွှင်ကြည်နူးခဲ့ရကြောင်း နားလည်ခံစားရလေ့ရှိပါသည်။

ပိုင်ဆိုင်လိုသောစိတ် သို့မဟုတ် မိသားစုပျော်ရွှင်မှုကို ပိုဆိုင်လိသောစိတ် မြင့်မားစေရေးတွင် တစ်နေ့တာတွေ့ကြုံရသည်များ ရယ်မောဖွယ်ရာများ၊ အခက်အခဲများကို အချင်းချင်းဖလှယ်နိုင်ရန်အတွက် ထမင်းစားချိန်များတွင် ပိုမိုအချိန်ယူရပါလိမ့်မည်။ ထမင်းစားချိန်များတွင် မိသားစုအတူတကွ စိတ်ပန်းဖြေပြီး အားအင်သစ်တိုးပွားအောက် ဆောက်ရွက်သင့်သည့်အချိန်များ ဖြစ်လင့်ကစား ကျွန်ုပ်တို့ခပ်သုတ်သုတ်ခပ်မြန်မြန်ပင် အလျင်စလိုစားသောက်ခဲ့ကြသည်။

အိပ်စက်နားနေချိန်သည် တစ်နေ့တာ၏ ချမ်းမြေ့ဖွယ်အကောင်းဆုံး အချိန်များဖြစ်အောင် ကြိုးစားခြင်းဖြင့် မိသားစုပိုင်ဆိုင်စိတ်ရှင်သန်စေနိုင်ပါသည်။ မိသားစုအားလုံးပင်ပန်းနေကြပြီဖြစ်သဖြင့် ညအိပ်ချိန်တွင် ကတောက်ကဆမှုများ အလွယ်တကူပေါ်ပေါက်လာတတ်ပါသည်။ “မင်းမိသားစုမှာ ဘာကြောင့်ပျော်ရွှင်ရတာလဲ” ဟူသောမေးခွန်းကို သူငယ်တန်းကလေးတစ်ဦးက “သား ညအိပ်ကာနီးမှာ မေမေက သားကို ပွေ့ဖက်ထားပြီး အမြဲနမ်းလို့ပါ” ဟုဖြေကြားခဲ့ပါသည်။ လူငယ်တစ်ဦးကလည်း “ကျွန်တော်ငယ်စဉ်ဘဝက အပျော်ဆုံးနဲ့ အဓိပ္ပါယ်အရှိဆုံးအချိန်ဟာ အိပ်ရာဝင်ခါနီးမှာ ကလေးတွေကို မေမေကပုံပြင်တွေ ဖတ်ပြတဲ့အချိန်ပါပဲ” ဟုပြောပြခဲ့ပါသည်။ ကလေးများအား ရိုက်နှက်မောင်းမဲပြီး အိပ်ရာဝင်ခိုင်းသော မိသားစုများနှင့် ထိုကလေးများကို ကျွန်ုပ်ကရုဏာသက်မိပါသည်။ အိပ်ရာဝင်ချိန်သည် မိသားစုပျော်ရွှင်ပိုင်ဆိုင်လိုမှု ချစ်စရာစိတ်ထားကလေးကို တည်ဆောက်ရန် ကြီးမားသောအခွင့်အရေး ပေးစွမ်းနိုင်သည့် အချိန်ပင်ဖြစ်ပါသည်။

မိသားစုတစ်ဦးနှင့်တစ်ဦး ပိုင်ဆိုင်ကြသည်ဟူသော စိတ်ထားရှင်သန်စေသည့် အားလပ်ချိန်များကိုလည်း ကျွန်ုပ်ကြိုးစားဖန်တီးရပေလိမ့်မည်။ အားလပ်ချိန်အတော်များများတွင် မိသားစုတိုင်းတွင် သီးခြားကိုယ်ပိုင်အစီအစဉ်များရှိနေပြီး မိသားစုပြင်ပရှိ အဖော်အပေါင်းများကို ရှာဖွေတတ်သည်မှာလည်း အခက်အခဲတစ်ခုပင်ဖြစ်သည်။ ထို့ကြောင့်မိသားစုအတူတကွ စုစည်းမှုရှိနေရန်နှင့် အတူတကွကစားနိုင်မည့် အနုပညာစိတ်ကူးတစ်ရပ်ကိုလည်း ကျွန်ုပ်တီထွင်ဖန်တီးရပါဦးမည်။ အိမ်မှုကိစ္စများတွင်ဖြစ်စေ အိမ်မှုတာဝန်များတွင်ဖြစ်စေ ကလေးများပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်လုပ်ဆောက်စေရန် မိသားစုပိုင်ဆိုင်မှု စိတ်ဓါတ်တိုးတက်လာစေရန် ကြိုးပမ်းရပါဦးမည်။

ငယ်လွန်းသော ကလေးများသည်ပင် အခြားသူများအတွက် အသေးအဖွဲအလုပ်များကို လုပ်ကိုင်ပေးနိုင်ကြောင်းကို စာရေးဆရာတစ်ဦးက "ကလေးများအတွက် အလုပ်လုပ်ခြင်းသည်ခွဲစေခြင်း၊ ပိုင်ဆိုင်လိုစိတ်ရှိခြင်း၊ တစ်ဦးချင်းစီလုပ်ဆောင်ရန်လိုအပ်သည့်တာဝန်များကိုသိရှိစေခြင်း စသည့်အကျိုးတရားများကို ရရှိစေပြီး မိသားစုတစ်ခုလုံး၏ အကျိုးစီးပွားအတွက်လည်း အရေးကြီးသော အချက်ဖြစ်သည်"ဟုရေးစားဖော်ပြခဲ့သည်။ မေတ္တာဓါတ်ဖြင့် လွှမ်းခြုံနေသော မိသားစုတစ်ခုကို ပိုင်ဆိုင်ရေးသည် အဘဘုရားသခင်နှင့်သူ၏မိသားစုကို ပိုင်ဆိုင်ရေးအတွက် သဘာဝအကျဆုံးအခြေခံအဆင့်ဖြစ်ကြောင့်ကို ကျွန်ုပ်ကောင်းစွာ သိမြင်ခဲ့ပြီဖြစ်ပါသည်။

## အဘဘုရားသခင်အား ပို့မို့ရင်းနှီးကျွမ်းဝင်စွာ မျှဝေဖွင့်ဟရပါမည်

ကျွန်ုပ်သားသမီးများနှင့် ပတ်သက်၍ ဘုရားသခင်အားပို၍ ရင်းနှီးကျွမ်းဝင်စွာ မျှဝေနိုင်ရန် ကြိုးပမ်းခြင်းဖြင့် မိသားစုဘဝကို ပြန်လည်တည်ဆောက် နိုင်ပါလိမ့်မည်။ ဤနေရာတွင် ကျွန်ုပ်တို့ကိုးကွယ် အလုပ်အကျွေးပြုသော အဘဘုရားသခင်အား နိစ္စဓူဝတွေ့ကြုံနေရသော သာမန်ကိစ္စနှင့် သီးခြားကိစ္စများကို ရွေးချယ်ရှင်းလင်းလျှောက်ထားနိုင်ရေးအတွက် အဘဘုရားသခင်၏ ပကတိကိုယ်တိုင် ဘဝအကြောင်းကို နားလည်ရန်ကြိုးစားအားထုတ်မှုကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤဆန္ဒကို နိဂုံးအနေဖြင့်ထည့်သွင်းရခြင်းမှာ ယခင် ဖော်ပြခဲ့သော အကြောင်းအရာများတွင် ဤဆန္ဒစိမ့်ဝင်ပျံ့နေရမည် ဖြစ်သောကြောင့်ပင်တည်း။ ဂျော့မက်ဒေါနဲလ်ဒ် (George McDonald) က သူ့ဇနီးအား "အချစ်ဆုံးရေ အဘဘုရားသခင်ကို ငါချစ်မြတ်နိုးသလို မင်းကိုလည်း ချစ်သင့်ချစ်ထိုက်တဲ့နည်းလမ်းအတိုင်းချစ်ပါတယ်" ဟူ၍စာရေးခဲ့သည်။ ဘုရားသခင်ကို ကျွန်ုပ်အနေဖြင့် ပို၍ပို၍လေးစားမြတ်နိုးလျှင် တစ်ဦးချင်းစီအပေါ် ကျွန်ုပ်၏မိသားစုဝင် တစ်ဦးချင်းကိုဖြစ်စေ လူ့အဖွဲ့အစည်းကိုဖြစ်စေ တစ်ဦးချင်းစီအပေါ် မေတ္တာထားသင့်ထားထိုက်သော နည်းလမ်းဖြင့် ချစ်မြတ်နိုးပါသည်ဟူ၍ ထပ်မံဖြည့်စွက်လိုပါသည်။

ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ လူမှုရေးဆိုင်ရာ အသိဉာဏ်ဆိုင်ရာကိစ္စများကိုသာ စောင်းပေးနေကြလျှင် လူပီသသောလူများမဖြစ်နိုင်ကြပါ။ ကျွန်ုပ်တို့သည် စိတ်ဝိညာဉ်ရှိသော သတ္တဝါများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ဘဝများသည်ဖန်ဆင်းရှင် အဘဘုရားသခင်နှင့် သူ၏တပည့်သားတစ်ဦး ဖြစ်စေချင်သော သူ၏ဆန္ဒတော်နှင့် ဆက်စပ်ပတ်သက်နေကြပါသည်။ ကျွန်ုပ်တို့သည် အဘဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် စောင့်ရှောက်မှုအားယုံကြည်မှုအပေါ်တွင် တည်မှီနေရလျှင် ဘဝကိုကြောက်ရွံ့ တုန်လှုပ်ခြင်းကင်းစွာ ရင်ဆိုင်နိုင်ပြီး လုပ်ဆောင်ရမည်ဟုယူဆသောအရာများကို ရဲဝံ့စွာလုပ်ဆောင်နိုင်ပါလိမ့်မည်။

ကျွန်ုပ်၏သားသမီးများအား ဘုရားသခင်၏သဘာဝနှင့် ဆန္ဒတော်အကြောင်းကို သင်ကြားပြသရာတွင် ကျွန်ုပ်၏တစ်နေ့တာယုံကြည်မှုများကို သူတို့အား ကြိုးစားမျှဝေ ရပါလိမ့်မည်။ ထုံးစံအတိုင်း စီစဉ်လျာထားအကွက်ချထားသော အရာများထက် ထုံးစံအတိုင်းမဟုတ်သော ကြိုတင်စီစဉ်ခြင်း မရှိသောအရာများကို တီထွင်အသုံးပြုရပါလိမ့်မည်။

အလွန်ထင်ရှားသော အင်္ဂလိပ်လူမျိုး ကျောင်းအုပ်ကြီးတစ်ဦးအား "ခင်ဗျားရဲ့သက်ရိုးညွှန်းတမ်းတွေထဲမှာ ဘာသာရေးသင်ခန်းစာပါသလား။ ခင်ဗျားကော ဘာသာရေးသင်သလား" ဟုအမေးခံခဲ့ရသည်။

ကျောင်းအုပ်ကြီးက "တစ်နေ့လုံးသင်တာပေါ့ဗျာ။ သင်္ချာမှာဆိုရင် တိကျမှန်ကန်မှုကို သင်ပေးတယ်။ ဘာသာစကားကျတော့ ဆိုလိုရင်းကို သဘောပေါက်အောင် ပြောတတ်ဖို့သင်ပေးတယ်။ သမိုင်းမှာတော့ လူသားမျိုးနွယ်အကြောင်းပေါ့။ ပထဝီမှာ စိတ်ရဲ့အကျယ်အဝန်း။ လက်မှုပညာမှာတော့ အသေးစိတ်ခြယ်မှုန်းမှု၊ နက္ခတ်ပညာမှာတော့ ရိုသေလေးမြတ်မှု။ အားကစားကွင်းထဲမှာတော့ တရားမျှတစွာကစားနည်း စတဲ့အရာတွေဟာ ဘာသာရေးပဲပေါ့။ ပြီးတော့ ဘာသာရေးအဆုံးအမဖြစ်တဲ့ တိရိစ္ဆာန်တွေကို ကြင်နာသနားဖို့ အစေခံတွေကို ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ဖို့ အချင်းချင်းတစ်ဦးနဲ့တစ်ဦး ယဉ်ယဉ်ကျေးကျေး ပြုမူပြောဆိုဖို့အပြင် အရာတိုင်းမှာ အမှန်တရားကို တန်ဖိုးထားဖို့ကိုလည်း သင်ပေးပါတယ်" ဟုပြန်လည်ဖြေကြားခဲ့သည်။

ထုံးစံအတိုင်း မဟုတ်သောကိစ္စရပ်များတွင် ကျွန်ုပ်သားသမီးများ ကျွန်ုပ်၏ခြေရာကို နင်းနိုင်ရန် ကျွန်ုပ်ကြိုးစားရလိမ့်မည်။ အဘဘုရားသခင်၏ ပန်းပွင့်ကလေးများကို ဆယ်ယူရန်နှင့် အဘဘုရားသခင်၏ အသေးဆုံးအရာဝတ္ထုမှ အကြီးဆုံးအရာဝတ္ထုအထိ ဖန်တီးနိုင်စွမ်းကို တွေ့မြင်နိုင်ရန် အချို့သောပညာစမ်းချောင်းများထဲသို့ လျှောက်လှမ်းဖို့ကြိုးစား ရပါဦးမည်။ ယခုဆိုလျှင် ကလေးများသည် ဘုရားသခင် ကမ္ဘာလောက၏ သဘာဝအံ့ဖွယ်များနှင့် ဝိညာဉ်ဆိုင်ရာအံ့ဖွယ်များကို မည်သို့နားလည်ခံစားနိုင်ကြောင်း ကျွန်ုပ်သဘောပေါက်ခဲ့ပါသည်။ နွေရာသီတွင် အားလပ်ချိန်များစွာ ရယူနိုင်အောင်ဖန်တီးရမည့်အပြင် ကျွန်ုပ်၏မိသားစုနှင့် အတူအဘဘုရားသခင်၏ နိဗ္ဗာန်ဘုံအောက်တွင် လဲလျောင်းပြီး ကြယ်တာရာများအကြောင်းကိုပြောရန် သဘာဝအသံများကို နားထောင်ရန်နှင့် မမြင်အပ်သော သတ္တဝါများ၏ အသံလေးများကို အာရုံစိုက်ရန် ပို၍အားထုတ်ရပါလိမ့်မည်။

ချစ်ခြင်းမေတ္တာထားတော်မူရန် ကူညီစောင့်ရှောက်ရန် အကြင်နာထားရန်နှင့် မိုက်မဲမှုများတွင် ကရုဏာထားတော်မူပါရန် ထို့အပြင် ကောင်းချီးမင်္ဂလာများပေး သနားတော်မူရန်အတွက် ဘုရားသခင်အား သားသမီးများကိုးကွယ်ဆီးကပ်စေရေးတွင် ကျွန်ုပ်ကြိုးစားပံ့ပိုးပေးရပါလိမ့်မည်။ ဤကား သမ္မာကျမ်းစာ၏ အဘဘုရားသခင်ပင်တည်း။ ကျွန်ုပ်၏မိဘများကပင် သူ့အား ကျွန်ုပ်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော နတ်ဘုရားတစ်ပါးအလား တစ်ခါတစ်ရံထင်မှတ်ယူဆခဲ့ကြသည်။

လေးနှစ်သားယောကျ်ား ကလေးတစ်ဦးသည် သူ၏ညီမလေးနှင့်အတူ ကစားစရာစက်ရုပ်ကလေးများဖြင့် ကစားနေကြသည်။ သူ့အမေက ဆိုဖာခုံရှည်ပေါ်တွင် တစ်မှေးအိပ်ရန် လှဲနေသည်။ သူ့သားလေးက "ငါဟာ ဘုရားသခင်ပဲ။ ချာတိတ်တွေဒူးထောက်ပြီး ဆုတောင်းကြ" (အရုပ်ကလေးများက ဒူးမထောက်ပါ) "မင်းတို့ဒူးထောက်ပြီး ဆုမတောင်းရင် အားလုံးကိုတိုက်ရလိမ့်မယ်" ဟုစူးစူးဝါးဝါး အော်ပြောသံကို ကြားလိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားခဲ့သည်။ ထိုခဏတွင်ပင် အရုပ်ကလေးအားလုံး ပြုန်းကနဲလဲကျသွားတော့သည်။ ဆုတောင်းခြင်းမပြုလျှင် ဘုရားသခင်က ရိုက်နှက်ဆုံးမမည်ဟူသော အတွေးမျိုး ကလေးငယ်တစ်ဦးတွင် စွဲကပ်နေအောင် မည်သို့သောယုံကြည်မှုနှင့် ချစ်ခြင်းမေတ္တာမျိုးက ဖန်တီးပေးနိုင်ပါသနည်း။

ဘဝတွင်ဦးဆောင်လမ်းပြသော ဘုရားသခင်၏ တစ်နေ့ချင်းစီဘဝသမိုင်းကြောင်းကို ကျွန်ုပ်အလွတ်နှုတ်တိုက် ရွတ်ဆိုနိုင်အောင်ကြိုးစားရပါဦးမည်။ ဘုရားသခင်၏ ကြီးမြတ်မှုနှင့် အဆုံးမဲ့သော သဘာဝနှင့်ပတ်သက်သည့် မေးခွန်းတိုင်းကို ကျွန်ုပ်ဖြေဆိုရန်ကြိုးစားလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်၏သားသမီးများအား ပညာရှိဆုံးပုဂ္ဂိုလ်များပင် မသိနိုင်သော အဘဘုရားသခင်၏ အနှိုင်းမဲ့မြင့်မြတ်မှုရှိခြင်းကို အံ့ဩစွာသိရှိရှင်သန် စေမည်ဖြစ်သည်။

သားသမီးများကို ဘုရားသခင်အားသိသည် ဆိုယုံမျှဖြင့်ပြောပြခြင်းနှင့် သာမန်ဆုတောင်းခြင်းမျှလောက်ကိုသာ သင်ကြားပေးခြင်းသည် ဘုရားသခင်အား ထဲထဲဝင်ဝင်သိမြင်အောင် သူတို့အားလမ်းညွှန်ရေးအတွက် ညံ့ဖျင်းသောအစားထိုးမှုတစ်ခုပင် ဖြစ်ပါသည်။

မှောက်မိုက်သော ညတစ်ညတွင် လျှပ်စီးလက်ပြီး မိုးခြိမ်းသံများကို ကြောက်ရွံ့လှသော ကလေးတစ်ဦးက သူ့ဖခင်အား "ဖေဖေရေ လာပါဦး သားသိပ်ကြောက်တယ်" ဟုလှမ်းခေါ်လိုက်သည်။ သူ့ဖခင်က "သားရယ် ဘုရားသခင်ကသားကိုချစ်တယ်။ သားကိုဘုရားသခင်က စောင့်ရှောက်မှာပေါ့" ဟုပြောရာ သူ့သားက "ဘုရားသခင်က သားကိုချစ်မှန်းစောင့်ရှောက်မှန်း သားသိပါတယ်။ ဒါပေမယ့် ခုတော့သားကို ဖက်ထားမယ့် သူပဲလိုချင်တယ်" ဟူ၍ပြန်ပြောသည်ကို ကျွန်ုပ်သတိရလိုက်ပါသည်။

ကျွန်ုပ်၏မိသားစုဘဝကို အသစ်တဖန်ပြန်လည် ထူထောင်ခွင့်ရခဲ့ပါလျှင် ကျွန်ုပ်ဖြစ်ချင်ဆုံးအရာကား ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် လွှမ်းခြုံစောင့်ရှောက်မှု

..................................................................

## ဒီအယ်လ် မူးဒီး *(D.L. Moody)* ၏ကလေးများအားကယ်တင်မှု

တစ်ခါက ဒီအယ်လ် မူးဒီး (D.L. Moody) သည် "နှစ်ယောက်ခွဲဆွေးနွေးချက်များ" ဟူသော အစီရင်ခံစာနှင့်အတူ အစည်းအဝေးတစ်ခုမှ ပြန်လာခဲ့သည်။ သူ၏ အိမ်ရှင်က "လူကြီးနှစ်ယောက်နဲ့ ကလေးတစ်ယောက်လို့ ခင်ဗျားဆိုလိုတယ်လို့ ကျွန်တော်ထင်တယ်" ဟုမေးရာ မူးဒီးက "မဟုတ်သေးပါဘူးဗျာ။ ကျွန်တော်ဆိုလိုတာက ကလေးနှစ်ယောက်နဲ့ လူကြီးတစ်ယောက်ကိုပါ။ ကလေးတွေကတော့ ဘဝတစ်ဝက်ကိုပဲ ပေးဆပ်နိုင်ကြတယ်" ဟူ၍ပြန်ဖြေခဲ့သည်။

မည်မျှမှန်လိုက်လေသနည်း။ ပေါလ်သည် အသက်၂၅နှစ်အရွယ်တါင် ပြောင်းလဲခဲ့ရမည့်အစား အသက်၇၀တွင်ပြောင်းလဲသည်ဆိုပါစို့။ သမိုင်းတွင် ပေါလ်ဟူသောအမည်တွင်လိမ့်မည်မဟုတ်ပေ။ မက်သရူး (Mathew) ဟူသောအမည်တစ်ခုတွင် ကျန်နေရစ်သည်။ အကြောင်းမူ သူသည် အသက်၇၀အရွယ်တွင် ပြောင်းလဲရမည့်အစား အသက် ၁၁နှစ်သားတွင် ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့၍ဖြစ်သည်။ ဂျိုနသန် အက်ဒ်ဝဲ့ဒ် (Jonathan Edwarrds) သည်လည်း အသက်၈၀အရွယ်ကျမှ ပြောင်းလဲရမည့်အစား ၈နှစ်သားအရွယ်တွင် ပြောင်းလဲခဲ့သဖြင့် သူအမည် ကျန်ရစ်နေခြင်းဖြစ်သည်။ အလားတူစွာပင် ရစ်ချတ် ဘက်စ်တာ (Richard Bapter) ဆိုသူသည်လည်း အသက်၆၀တွင်ပြောင်းလဲရမည့်အစား ၆နှစ်သားအရွယ်တွင် ပြောင်းလဲခဲ့သဖြင့် သူ့အမည်သည်သမိုင်းတွင် ကျန်ရစ်နေခြင်း မဟုတ်ပါလော။

..................................................................

# “သိုးများ လမ်းပျောက်ခဲ့လျှင်”

## *If Sheep Are Lost*

∗ လမ်းပျောက်သွားသော သိုးတစ်ကောင်အကြောင်းကို
ဂျီးဆက် ပြောပြ၍မှတ်သားခဲ့ရပါသည်။
တစ်ခါက သိုး ၉၉ကောင်ရှိသော သိုးခြံတစ်ခြံမှ
သိုးငယ်မဟုတ်သော သိုးကြီးတစ်ကောင်
မျက်စိလည် လမ်းပျောက်ခဲ့ပါသည်။

∗ ကျွမ်းကျင်သော သိုးထိန်းက လိုက်၍ရှာဖွေရာ
ချမ်းအေးလွန်းလှသည့် တောင်စောင်းတစ်နေရာတွင်
ပြန်လည်တွေ့ရှိခဲ့ပြီး သိုးအုပ်ထဲသို့
ဘေးကင်းလုံခြုံစွာ ပြန်လည်ခေါ်ယူခဲ့ပါသည်။

∗ ကျွန်ုပ်တို့သည် အဘယ်ကြောင့်
လမ်းပျောက်သွားသော သိုးအတွက် အချိန်ယူရှာဖွေခဲ့ပါသနည်း။
အဘယ်ကြောင့် မျှော်လင့်ဆုတောင်းခဲ့ကြပါသနည်း။
လမ်းပျောက်သွားလျှင် အန္တရာယ်နှင့်ကြုံတွေ့နိုင်သည့်ပြင်
သူကဲ့သို့ပင် သိုးငယ်ကလေးများ
လမ်းပျောက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ပါသည်။

∗ သိုးကြီးများ လမ်းပျောက်သွားလျှင်
သူတို့နောက်သို့ တကောက်ကောက်လိုက်ပါကြသော
သိုးငယ်ကလေးများသည်လည်း
လမ်းပျောက်သွားကြပေလိမ့်မည်။

∗ ထိုသိုးကြီးများကဲ့သို့ ယနေ့သိုးငယ်လေးများအတွက်
ကျွန်ုပ်တို့လှိုက်လှဲစွာ ပန်ကြားလိုသည်မှာ
သိုးငယ်ကလေးများ လမ်းပျောက်ခဲ့လျှင် ကျန်သောသိုးများပေးဆပ်ရမည့်
တန်ဖိုးကား ဆပ်၍မကုန်အောင်ကြီးမားလွန်းလှပါသည် ဟူ၍ပင်တည်း။

...........................................................................

# “တံရားခံဘယ်သူလဲ”

∗ ဟိုမှာ သည်မှာ နေရာမလတ်
သတ်မှု ခိုးမှု ဟိုအမှု သည်အမှု
အမှုပေါင်းသောင်းခြောက်ထောင်
နားမဆံအောင်လည်းကြား သတင်းများမှာလည်းဖတ်ရ
သက်ပြင်းမောချကာ ငြီးမိ
“ပကတိမိုက်မဲလှတဲ့ ဒီမျိုးဆက်
ဘယ်အထိ သက်ဆိုးရှည်နေဦးမလဲ” လို့။

∗ ဒီလိုဖြစ်ရတာ ဘယ်အရာကြောင့်လဲ
နက်နက်နဲနဲ တွက်စစ်ကြည့်
သူတို့အပြစ်ချည့်ပဲလား
မခွဲမခြား တစ်သားတည်းဆက်စပ် သူတို့ဇာတ်မှာ
ကျုပ်တို့တစ်ခန်းရပ်ကော မပါပေဘူးလား။

∗ “ရုပ်ရှင်ဇာတ်လမ်း”တွေဟာ သူတို့ဖန်တီးတာမဟုတ်

ထုတ်ဝေတဲ့ "ဝတ္ထုစာအုပ်" သူတို့ ပြုစုတာမဟုတ်
ဒါပေမယ့် "ဂိုဏ်းစတား"အလုပ်
"လူရှုပ်လူလိမ်" အသွင်အဖြစ်
သူတို့ စိတ်ကူးတွေယဉ်နေကြပြီကော။

* "သေရည်" ဆိုတာကို သူတို့မထွင်
"ဘား" ကိုလည်း သူတို့မဝင်
"ဥပဒေ" အစဉ်လည်း သူတို့မပြဋ္ဌာန်း
ဆန်းပေ့ညွှန့်ပေ့ "ကား"ဆိုတာလည်း သူတို့မဝယ်
စိတ်ဝယ်စွဲ အမှောက်ထဲမှာ ရှုးညစ်တဲ့
မူးယစ်ဆေးဆိုတာလည်း သူတို့မထုတ်
လောဘနဲ့ မောဟအမှောင်အုပ်ပြီး
ကျုပ်တို့ လူကြီးတွေပဲ လုပ်ခဲ့တာဆိုရင်
သင်ဘာပြောချင်သေးလဲ။

* တကယ်တော့
"တံရားခံ" ဆိုတဲ့ ဆိုင်းဘုတ်
သူတို့အတွက်မဟုတ်
ကျုပ်တို့ နဖူးမှာပဲ တပ်သင့်တယ်ဆိုတာ အမှန်တရားပဲ
ခင်ဗျား ဘာငြင်းဦးမှာလဲ

..................................................................